## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးနှင့် မြန်မာအစိုးရတို့၏ ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက်

၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၃ ခုနှစ်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ် ကမ်းလှမ်းချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ လက်ခံခဲ့ပြီး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အလွတ်သဘော (၃) ကြိမ်၊ ကြိုတင်ပြင်ဆင်ရေးအလုပ်အဖွဲ့နှင့် (၂) ကြိမ်၊ စုစုပေါင်း (၅) ကြိမ် ညှိနှိုင်းပြင်ဆင်ခဲ့ကြပါသည်။

၂။ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဖွဲ့စည်း ပေးထားသော ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့တို့သည် ၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးကြပြီး အောက်ဖော်ပြပါ ကိစ္စရပ်များကို ပဏာမဆောင်ရွက်ရန် သဘောတူ ကြပါသည်။

(က) နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး ဆောင်ရွက် နိုင်ရန်နှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်ရေးအတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့မှစ၍ နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်။

(ခ) အပစ်အခတ်ရပ်စဲထားသည့်ကာလတွင် ABSDF တပ်ဖွဲ့ဝင်များနှင့် တပ်မတော်တပ်ဖွဲ့များအကြား ပဋိပက္ခဖြစ်ပွားခြင်း၊ တိုက်ပွဲများမဖြစ်ပေါ်စေရန် ထိန်းသိမ်းဆောင်ရွက်သွားရန် နှင့် သတ်မှတ်နေရာမှ အပ အခြားဒေသများသို့ ABSDF တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ လက်နက်မပါ ဥပဒေနှင့်အညီ သွားလာခွင့်ပြုရန်။ ('သတ်မှတ်နေရာ' ဆို

သည်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ နယ်မြေများအတွင်း ABSDF တပ်များ လက်ရှိအခြေပြု နေထိုင်သော နေရာများကို ဆိုလိုသည်။)

(ဂ) ဆက်ဆံရေးရုံးကို နှစ်ဘက်သဘောတူသည့် မြဝတီမြို့၌ လက်နက်မပါထားရှိရန်နှင့် အခြား ဆက်ဆံရေးရုံး နေရာများကိစ္စကို ပြည်ထောင်စုအဆင့်တွင် ဆက်လက်ဆွေးနွေးရန်။

(ဃ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့မှ စတင်၍ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲကို စတင်ကျင်းပသွားရန်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ABSDF မှ ကြိုတင်ပေးပို့ထားသော အချက် (၁၂) ချက်အပြင် ထပ်မံဖြည့်စွက်လိုပါက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မတိုင်မီ နှစ်ဘက်ကြိုတင် ညှိနှိုင်းဆွေးနွေးရန် နှစ်ဦးနှစ်ဘက် သဘောတူပါသည်။

၄။ အထက်ဖော်ပြပါ ကိစ္စရပ်များကို နှစ်ဦးနှစ်ဘက် သဘောတူလက်မှတ် ရေးထိုးပါသည်။